## မသန်စွမ်းမှုဆိုင်ရာဝါရှင်တန်စာရင်းအင်းအဖွဲ့ (Washington Group on Disability Statistics)

## Washington Group နှင့် UNICEF တို့ ပူးပေါင်းရေးဆွဲသည့် အသက် (၂)နှစ်မှ (၄) နှစ်အထိ ကလေးသူငယ်များ၏ ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် စံပြုမေးခွန်းအစု(CFM)

### နိဒါန်း

Washington Group/UNICEF ၏ ကလေးသူငယ်ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် စံပြုမေးခွန်းအစု (CFM) ကို UNICEF အဖွဲ့နှင့် မသန်စွမ်းမှုဆိုင်ရာ ဝါရှင်တန်စာရင်းအင်းအဖွဲ့ (WG) က ဖော်ထုတ်၊ စမ်းသပ်၍ အတည်ပြုထားခြင်းဖြစ်သည်။ ဤမေးခွန်းများသည် မသန်စွမ်းမှုအား နားလည်ပုံဖော်နိုင်ရေးအတွက် တိုးတက်သော နည်းလမ်းများကို ထင်ဟပ်ဖော်ပြနေပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန္ဓာကိုယ်လုပ်ဆောင်ချက်၊ မသန်စွမ်းမှုနှင့် ကျန်းမာမှုအတွက် အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်း (ICF) နည်းလမ်းကို သဘောတရားရေးရာမူဘောင်အဖြစ် အသုံးပြုထားသည်။

ဤ CFM ကို UNICEF အဖွဲ့က ဆောင်ရွက်နေသည့် အစုအဖွဲ့အဆင့် ညွှန်းကိန်းများဖြင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်း (MICS) တွင် ထည့်သွင်းရန်အတွက် ရေးဆွဲထားခြင်းဖြစ်ရာ၊ ကလေးသူငယ်ဆိုင်ရာ အချက်အလက်များကို စုဆောင်းသည့် လူဦးရေစစ်တမ်းကောက်ယူမှုများတွင်လည်း အသုံးပြုရန်သင့်တော်ပါသည်။ CFM မေးခွန်းအစုသည် အသက် (၂) နှစ်မှ (၄) နှစ်အထိကလေးသူငယ်များထံမှ အချက်အလက်များစုဆောင်းရန် ဒီဇိုင်းရေးဆွဲထားပြီး၊ ကလေးငယ်တစ်ဦးချင်းစီအတွက် သတင်းအချက်အလက် ထောက်ပံ့ပေးရန် သိကျွမ်းနားလည်သည့် တစ်ဆင့်ခံဖြေကြားသူတစ်ဦး လိုအပ်ပါသည်။ အသက် (၅)နှစ်မှ (၁၇)နှစ်အထိ ကလေးသူငယ်များအတွက် အလားတူမေးခွန်းအစုတစ်ခုကိုလည်း ဒီဇိုင်းရေးဆွဲထားပြီးဖြစ်သည်။

UNICEF အဖွဲ့၏ ဝဘ်ဆိုဒ် (http://www.unicef.org/topic/child-disability/module-on-child-functioning/) တွင် တွေ့ဆုံမေးမြန်းသူများအတွက်လက်စွဲစာအုပ်၊ ဖြည့်သွင်းရမည့်ဇယားပုံစံများ၊ ဇာတ်ကြောင်းအစီရင်ခံစာများ၊ SPSS, STATA စသည်တို့တွင် စာရင်းအင်းခွဲခြမ်းစိတ်ဖြာမှုနည်းလမ်းများအပါအဝင် အထောက်အကူပြု စာရွက်စာတမ်းများကိုလည်းကောင်း၊ ဤစစ်တမ်းလွှာအား ကုလသမဂ္ဂ၏ ရုံးသုံးဘာသာစကားများ (ပြင်သစ်၊ စပိန်၊ ရုရှား၊ အာရဗီ၊ တရုတ်ဘာသာ တို့အပြင် ဗီယက်နမ်၊ ပေါ်တူဂီနှင့် ခမာဘာသာ)ဖြင့် ဘာသာပြန်ဆိုချက်များကိုလည်းကောင်း ရယူနိုင်သည့် links များကို ဖော်ပြထားသည်။

အောက်ပါအချက်များကို သတိပြုရန် အရေးကြီးပါသည် -

(က) မေးခွန်းများကို အစီအစဉ်တကျမမေးမြန်းမီတွင် နိဒါန်းဖော်ပြချက်ကို ဖတ်ပြရန်။

(ခ) မေးခွန်းတစ်ခုချင်းစီအတွက် အဖြေအမျိုးအစားများပါရှိပြီး၊ မေးခွန်းတစ်ခုမေးပြီးတိုင်းတွင် ယင်းအဖြေများကို ဖတ်ပြရန်။

**Washington Group နှင့် UNICEF တို့ ပူးပေါင်းရေးဆွဲသည့်**

**အသက် (၂)နှစ်မှ (၄) နှစ်အထိ ကလေးသူငယ်များ၏ ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် စံပြုမေးခွန်းအစု**

**အသက် (၂)နှစ်မှ (၄)နှစ်အထိ ကလေးသူငယ်များအတွက် CFM မေးခွန်းအစုကိုပဏာမမိတ်ဆက်ခြင်း**

***မေးမြန်းသူက ဖတ်ပြရန်*** - "သင်၏ ကလေးငယ်၌ ရှိနေနိုင်သည့် အခက်အခဲများအကြောင်းကို မေးခွန်းအချို့ မေးမြန်းလိုပါသည်"

**အမြင်အာရုံ**

**CF1** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် မျက်မှန်တပ်ရပါသလား?

(၁) တပ်ရပါသည်။

(၂) မတပ်ရပါ [မတပ်ရပါဟုဖြေဆိုပါက မေးခွန်းအမှတ် **CF3** သို့ ကျော်သွားပါ]

**CF2** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် မျက်မှန်တပ်ထားချိန်တွင် ကြည့်ရာ၌ အခက်အခဲ ရှိပါသလား?

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မမြင်နိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

[မေးခွန်းအမှတ် **CF4** သို့ သွားပါ]

**CF3** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် ကြည့်ရာ၌ အခက်အခဲရှိပါသလား?

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မမြင်နိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**အကြားအာရုံ**

**CF4** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် နားကြားကိရိယာကို အသုံးပြုပါသလား?

(၁) အသုံးပြုပါသည်။

(၂) အသုံးမပြုပါ။ [အသုံးမပြုပါဟုဖြေဆိုပါက မေးခွန်းအမှတ် **CF6** သို့ ကျော်သွားပါ]

**CF5** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် နားကြားကိရိယာကို တပ်ထားချိန်တွင် လူများ၏ စကားပြောသံ၊ သီချင်းသံကဲ့သို့သော အသံများကို နားထောင်ရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မကြားရပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

[မေးခွန်းအမှတ် **CF7** သို့ သွားပါ]

**CF6** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် လူများ၏ စကားပြောသံ၊ သီချင်းသံကဲ့သို့သော အသံများကို နားထောင်ရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မကြားရပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**လှုပ်ရှားသွားလာနိုင်မှု**

**CF7** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် လမ်းလျှောက်ရာတွင် အကူပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြုရပါသလား? သို့မဟုတ် အကူအညီယူရပါသလား?

(၁) အသုံးပြုပါသည်/အကူအညီယူရပါသည်။

(၂) အသုံးမပြုပါ/ အကူအညီမယူရပါ။ [မေးခွန်းအမှတ် **CF10** သို့ ကျော်သွားပါ]

**CF8** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် အကူပစ္စည်းကိရိယာ သို့မဟုတ် အကူအညီ မပါရှိပါက၊ လမ်းလျှောက်ရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလျှောက်နိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**CF9** သင်၏ ကလေး (***ကလေးငယ်၏ အမည်***)သည် အကူပစ္စည်းကိရိယာ သို့မဟုတ် အကူအညီ ပါရှိပါက၊ လမ်းလျှောက်ရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလျှောက်နိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

[မေးခွန်းအမှတ် **CF11** သို့ သွားပါ]

**CF10** သင်၏ ကလေး (***ကလေးငယ်၏ အမည်***) သည် သက်တူရွယ်တူကလေးငယ်များနှင့်နှိုင်းယှဉ်ပါက၊ လမ်းလျှောက်ရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလျှောက်နိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**လက်ကို အသုံးပြုနိုင်မှု**

**CF11** သင်၏ ကလေး (***ကလေးငယ်၏ အမည်***) သည် သက်တူရွယ်တူကလေးငယ်များနှင့်နှိုင်းယှဥ်ပါက၊ သေးငယ်သော ပစ္စည်းများအား လက်ဖြင့် ကောက်ယူရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မကောက်ယူနိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**ဆက်သွယ်ပြောကြားခြင်း**

**CF12** သင်၏ ကလေး (***ကလေးငယ်၏ အမည်***) သည် သင်ပြောဆိုသည်များကို နားလည်ရန် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ နားမလည်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**CF13** သင်သည် သင်၏ ကလေး (***ကလေးငယ်၏ အမည်***) က ပြောဆိုသည်များကို နားလည်ရန် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ နားမလည်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**လေ့လာသင်ယူခြင်း**

**CF14** သင်၏ ကလေး (***ကလေးငယ်၏ အမည်***) သည် သက်တူရွယ်တူကလေးငယ်များနှင့်နှိုင်းယှဉ်ပါက၊ အကြောင်းအရာများကို လေ့လာသင်ယူရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မသင်ယူနိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**ဆော့ကစားခြင်း**

**CF15** သင်၏ ကလေး (***ကလေးငယ်၏ အမည်***) သည် သက်တူရွယ်တူကလေးငယ်များနှင့်နှိုင်းယှဉ်ပါက၊ ဆော့ကစားရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မကစားနိုင်ပါ။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

**အပြုအမူကို ထိန်းချုပ်နိုင်ခြင်း**

**CF16** သင်၏ ကလေး (***ကလေးငယ်၏ အမည်***) သည် သက်တူရွယ်တူကလေးငယ်များနှင့်နှိုင်းယှဉ်ပါက၊ အခြားကလေးသူငယ်များ သို့မဟုတ် အရွယ်ရောက်ပြီးသူများအား ကန်ကျောက်ခြင်း၊ ကိုက်ခြင်း၊ ရိုက်နှက်ခြင်းများကို မည်သည့်အတိုင်းအတာအထိ ပြုလုပ်ပါသနည်း?

(၁) လုံးဝ မလုပ်ပါ။

(၂) အခြားကလေးငယ်များနှင့်အတူတူ သို့မဟုတ် ပိုနည်းစွာ ပြုလုပ်သည်။

(၃) အခြားကလေးငယ်များထက် ပိုလုပ်သည်။

(၄) အခြားကလေးငယ်များထက် များစွာပိုလုပ်သည်။

*(၇) ဤမေးခွန်းကို မဖြေဆိုလိုပါ။*

*(၉) မသိပါ။*

*မသန်စွမ်းမှုဆိုင်ရာဝါရှင်တန်စာရင်းအင်းအဖွဲ့အကြောင်း အသေးစိတ်အချက်အလက်များကို ထပ်မံသိရှိလိုပါက*
*http://www.washingtongroup-disability.com/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။*